အာဒဝင်တူး စတုတ္ထတနင်္ဂနွေနေ့ ဒီဇင်ဘာ ၂၄ ၂၀၂၃

လုကာ ၁း၂၆–၃၈

ခရစ္စမတ်မတိုင်မီ နောက်ဆုံးသောတနင်္ဂနွေနေ့ကို ရောက်ရှိလာခဲ့ပါပြီ။ ဒီကနေ့ ဖတ်ရှုရတဲ့ကျမ်းပိုဒ်များကတော့ ကျွန်ုပ်တို့ရဲ့အလယ်မှာ ကျွန်ုပ်တို့အထဲက တဦးသောလူသားကဲ့သို့ သားတော်ဘုရားကမွေးဖွားခြင်းကို ခံယူဘို့ရန်အတွက် ဘုရားသခင်ရဲ့ပြင်ဆင်ခြင်း အကြောင်းကို ဖတ်ရှုရတာဖြစ်ပါတယ်။ ကြားနာရတဲ့အကြောင်းအရာကို တွေးကြည့်ရင် မယ်တော်မာရီးယားအနေနဲ့ မထင်မှတ်ထားတဲ့ ညှေ့သည်တဦးရဲ့ လာရောက်နှုတ်ဆက်ခြင်းကို လွန်စွာပင် အံ့အားသင့် ထိန့်လန့်နေခဲ့မယ်ဆိုတာကို တွေးဆလို့ရပါတယ်။

ရှေးဦးစွာ ဒီအဖြစ်အပျက်ဟာ နာဇရက်မြို့ဖြစ်တဲ့ ကျေးလက်ဒေသက မြို့ငယ်လေးတမြို့မှာ ဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့အလယ်ဗဟိုတနေရာက မဟုတ်ပါဘူး။ ဒီနေရာမှာ ယောဟန် ၁း၄၆ ဖြစ်တဲ့ ( နာဇရက်မြို့မှာ ဘာအကောင်းများထွက်ပေါ်လာခဲ့ပါသလဲ) ဆိုတဲ့–တနေ့ကျရင် သခင်ဘုရားရဲ့တပည့်တော်ဖြစ်လာမဲ့ တဦးသောပုဂ္ဂိုလ်က ပြောခဲ့တာကို သတိရစေပါတယ်။

အထင်ကြီးစရာ၊ တိုးတက်ထွန်းကားတဲ့နေရာမဟုတ်ပေမဲ့၊ ဘုရားဟာ လောကကမ္ဘာထဲကိုဆင်းကြွလာဘို့အတွက် လူသိများထင်ရှားတဲ့နေရာတွေဖြစ်တဲ့ ရောမမြို့၊ သေင်မြို့၊ နူးယောက်မြို့အစရှိသည်ဖြင့် အဲဒီနေရာတွေကို မရွေးချယ်ခဲ့ပါဘူး။ လောကရဲ့တန်ခိုးအာဏာ၊ ယဉ်ကျေးမှုလေ့ထုံးစံနဲ့ လူသိများထင်ရှားတဲ့ တက္ကသိုလ်ကြီးတွေရှိတဲ့ နေရာတွေကို ရွေးချယ်ခဲ့တာ မဟုတ်ပါဘူး။

သခင်မသည် မင်္ဂလာရှိတော်မူပါ၏။ ဘုရားသခင်သည် သခင်မနှင့်ကျိန်းဝပ်တော်မူသည်။ ဒီလိုရှိုးရှင်းတဲ့နှုတ်ဆက်ခြင်းကို ကြုံလိုက်ရတဲ့အခါ မယ်တော် တုန်လှုပ်ချောက်ခြားသွားတယ်။ မထင်ရှားတဲ့ ကျေးလက်ဒေသက ရွာလေးထဲမှာ ဒီနှုတ်ဆက်ခြင်းက ဘယ်လိုနားလည်ရမှာလဲ။

မင်္ဂလာရှိတယ် ဆိုတာက ဘုရားရဲ့ကျေးဇူးတော်တွေဟာ သူမကိုလွှမ်းခြုံထားတယ်လို့ နားလည်လို့ရပါတယ်။ အတိတ်ကခံစားခဲ့ရတဲ့အရာများအားလုံးထက် ယခုဖြစ်လတ္တံ့သောအရာက ပိုပြီးကြီးမြတ်တာကို တွေ့မြင်နိုင်ပါတယ်။ မင်္ဂလာရှိတယ်ဆိုတဲ့သဘောအဓိပ္ပာယ်က ဘာကိုဆိုလိုသလဲဆိုရင် ကယ်တင်ရှင်လို့ အဓိပ္ပာယ်ရတဲ့ ယေရှုလို့အမည်ရတဲ့ သားတော်ရဲ့မိခင်ဖြစ်ရမယ် ဆိုတဲ့အကြောင်းကြောင့် ဖြစ်ပါတယ်။ အဲဒီရှင်ဘုရင်ဟာ ဒါဝိတ်ရဲ့အမျိုးအနွယ်ကို အစဉ်မပြတ်အုပ်စိုးလိမ့်မယ်။ သူ့ရဲ့နိုင်ငံတော်ဟာ အဆုံးမဲ့တည်နေလိမ့်မယ်။

ရှုဇယ်နှင့်စေ့စပ်ကြောင်းလမ်းထားသောကြားလည်း၊ စုံလင်သော အိမ်ထောင်ဘက်ဘဝ အခြေအနေကို မရောက်သွားသေးပါဘူး။ တနည်းအားဖြင့် စုံလင်သော အိမ်ထောင်သည်တို့ရဲ့ပေါင်းသင်းခြင်းအခြေအနေသို့ မရောက်သေးပါဘူး။ ဒီလိုအခြေအနေမျိုးမှာ ကလေးမိခင် အဘယ်ကဲ့သို့ ဖြစ်လာနိုင်မှာလဲ။

ဖြစ်လာနိုင်တာကိုတွေ့ခဲ့ရပါတယ်။ ဘာလို့လဲဆိုတော့ ပဋိသန္ဓေတည်ခြင်းဆိုတာ ဘုရားရဲ့လုပ်ဆောင်မှုဖြစ်ပါတယ်။ (သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အပေါ်သို့ဆင်းသက်၍ အမြင့်ဆုံးသောတန်ခိုးတော်သည် သင့်ကိုလွှမ်းခြုံလိမ့်မည်။ )

မွေးဖွားခြင်းကိုခံယူမည်သူငယ်ဟာ ဘုရားရဲ့သားတော်ဖြစ်တယ်။ ဒါ့အပြင် မယ်တော်ရဲ့သားတော်စင်စစ်လဲ ဖြစ်တယ်။ ဒါ့ကြောင့် သားတော်ဘုရားရဲ့လူ့အဖြစ်ယူခြင်းဟာ လွန်စွာပင်နက်နဲသောအရာဖြစ်ပါတယ်။ ယေရှုဘုရားဟာ တချိန်ထဲမှာ ဘုရားစင်စစ်လူစင်စစ် ဖြစ်ပါတယ်။ ခရစ်တော်သခင်ဟာ ဘုရားနဲ့ ဖန်ဆင်းခံအရာအားလုံးတို့ရဲ့ကြားမှာ သူမတူထူးခြားတဲ့ ပေါင်းကူးတံတားဖြစ်ပါတယ်။ အပြစ်ကလွဲလို့ (အပြစ်မပါဘဲ) ကျွန်ုပ်တို့လူသားများကဲ့သို့ဖြစ်ပါတယ်။ ကိုယ်တော်ရဲ့အသက်တာ၊ ကိုယ်တော်ရဲ့နှုတ်တော်ထွက်စကား၊ ကိုယ်တော်ရဲ့ပြုမူလုပ်ဆောင်ချက်များဟာ အဖဘုရားသခင်ရဲ့ဘုန်းတော်ဂုဏ်တော်ကို ပေါ်လွင်ထင်ရှားစေပါတယ်။

နာသောသူများကို ကုစားတော်မူခြင်းအားဖြင့်၊ အပြစ်သားများကို ဘုရားနဲ့ပြန်လည်ကျေအေးစေခြင်းအားဖြင့် ခရစ်တော်ဘုရား၌ရှိတော်မူတဲ့ ဘုရားအဖြစ်တော်ကို ပေါ်လွင်ထင်ရှားစေတော်မူပါတယ်။ ဒါပေမဲ့ ဒီအရာတွေအားလုံးဟာ ရှေးဦးစွာမယ်တော်မှတဆင့် (မယ်တော်အားဖြင့်) ဖြစ်လာကြောင်းတွေ့မြင်ရပါတယ်။ ဒါ့ကြောင့် မယ်တော်ဟာ မိန်းမတကာတို့ထက်လွန်စွာပင်ထူးခြားသော ကောင်းကြီးမင်္ဂလာကို ခံစားရသူဖြစ်ပါတယ်။

ပထမကျမ်းဖြစ်တဲ့ ဓမ္မရာဇဝင်ဒုတိစောင်မှာ ဘုရားက ဒါဝိတ်ကို မိမိအတွက် ထိုက်တန်တဲ့နေရာကို တည်ဆောက်ပေးဘို့တောင်းဆိုခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒါဝိတ်မင်းကြီးက ကောင်းမွန်တင့်တယ်သော နန်းတော်မှာစံမြန်းနေပြီး ဘုရားက သဟာဖွဲ့ရာသေတ္တာတော်ကိုထည့်ထားတဲ့ တဲတော်ထဲမှာဘဲ စံနေခဲ့ရပါတယ်။ တင့်တယ်လှပတဲ့ ဘုရားရဲ့ဗိမာန်တော်ကို ဒါဝိတ်မင်းကြီးအချိန်မှာမဟုတ်ဘဲ သူ့ရဲ့သားတော် ဆော်လမွန်မင်းကြီးလက်ထက်မှာသာလျင် တည်ဆောက်နိုင်ခဲ့ပါတယ်။ ပို့ပြီးတင့်တယ်လှပတဲ့ ဗိမာန်တော်ကို ဟေရုတ်မင်းကြီး (ဟေရုတ်သည်ဂရိတ်) ကတခါပြန်ပြီးတည်ဆောက်ပြန်ပါတယ်။ တကယ်တော့ ခရစ်တော်ဘုရားအချိန်အထိ တည်ဆောက်ခြင်းလုပ်ငန်းဟာ မပြီးမြောက်သေးပါဘူး။

ဒီကနေ့မှာ ဒါဝိတ်ရဲ့အမျိုးအနွယ်ဆိုပြီး ဖတ်ရပါတယ်။ တနည်းအားဖြင့် ထူးခြားတဲ့အိမ်တော်ဖြစ်ပါတယ်။ ဒါက ဒါဝိတ်ရဲ့အမျိုးအနွယ်နဲ့ သူအုပ်စိုးထိန်းကျောင်းရမဲ့ တိုင်းသူပြည်သားတွေကိုရည်ညွှန်းပါတယ်။ ထူးခြားတဲ့အိမ်တော် ဘုရားကိန်းဝပ်စံမြန်းရာနေရာဖြစ်ပါတယ်။

(ဓမ္မရာဇဝင် ဒုတိယစောင် ၇း၁၁–၁၆)---------

ဒီနေ့မစ္ဆားမှာ ကြားနာရမဲ့ကျမ်းစကားတွေက ဘာကိုရည်ညွှန်းသလဲဆိုရင် မယ်တော်ဟာ ဒါဝိတ်ကနေဆင်းသက်လာတဲ့ အမျိုးအနွယ် (ဒါဝိတ်ရဲ့အိမ်တော်ဖြစ်ပြီး) ရှုဇယ်နှင့်အတူနေခြင်းကနေ ဘုရားရဲ့ဗိမာန်တော်ကို ဖြစ်စေပြီး ဘုရားလာရောက်ကျိန်းဝပ်တော်မူရာ အသစ်သောဗိမာန်တော်

ဖြစ်လာခဲ့တယ်ဆိုတာကို တွေ့မြင်ရပါတယ်။ ဒါဟာ သင့်တော်သောနေရာ၊ အပြစ်နဲ့ကင်းလွတ်တဲ့ ပြည့်စုံခြင်းနေရာတခုဖြစ်တာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့ သဟာဖွဲ့ရာသေတ္တာတော်ဆိုပြီး မယ်တော်ရဲ့ဘွဲ့နာမတခုကို တွေ့မြင်နိုင်ပါတယ်။

ဒါ့အပြင်၊ တနေ့ကျရင် သံပေါလူးက ခရစ်ယာန်များကို သတိပေးလိမ့်မယ်။ သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ရဲ့ ဗိမာန်များဖြစ်၏။ ဓမ္မသစ်ကာလမှာ အဆောက်အဦးဆိုတဲ့ဗိမာန်တော်ထက် သံပေါလူးပြောသလို သင်တို့သည် ဘုရားရဲ့ဗိမာန်တော်တွေဖြစ်ကြ၏။ အဲဒီတော့ ဒါဝိတ်ရဲ့အမျိုးအနွယ်တို့သည် ဆိုတဲ့အခါ ခရစ်တော်ရဲ့ခန္ဓာတော်ဖြစ်တဲ့ သာသနာတော်ကိုရည်ညွှန်းပါတယ်လို့ ကျွန်ုပ်တို့အချိန်အခါမှာ ပြောလို့ရပါတယ်။

ဂတိထားတော်မူခဲ့တဲ့အတိုင်း မယ်တော်ဟာသစ္စာဂတိတည်တာကိုလည်း ဒီနေ့မှာတွေ့ရပါတယ်။ မယ်တော်က ထူးဆန်းတဲ့၊ ချွင်းချက်မရှိတဲ့ ဂတိထားခဲ့ပါတယ်။ (ကျွန်ုပ်သည် ဘုရားသခင်း၏ကျွန်မဖြစ်ပါသည်။ အမိန့်တော်အတိုင်း ကျွန်ုပ်၌ဖြစ်ပါစေ။) ပြုခဲ့တဲ့ဂတိကို ဘယ်တော့မှမရုတ်သိမ်းခဲ့ပါ။

ဒုက္ခအခက်အခဲ၊ စုံစမ်းခြင်းနဲ့ စိတ်ထိခိုက်စရာများ၊ နောက်ဆုံးကားတိုင်တော်ခြေရင်းအထိရောက်သွားသည့်တိုင် ကားတိုင်တော်မှာ အသက်တော်စွန့်သွားတဲ့သားတော်ကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရပေမဲ့ သူမရဲ့ ဂတိကို မဖောက်ဖျက်ခဲ့ပါဘူး။

ကျွန်ုပ်တို့လဲဘဲ တထူးတခြားနဲ့ဘဝမှာ ခရစ်တော်ကို မွေးဖွားနိုင်ဘို့အတွက် ဖိတ်ခေါ်ခြင်းခံကြရပါတယ်။ ကိုယ်တော်နောက်တော်သို့ ထားရှိခဲ့တဲ့ဂတိကို မဖောက်ဖျက်ဘဲ လျှောက်လှမ်းသွားဘို့အတွက်ဖိတ်ခေါ်ခြင်းခံရပါတယ်။ ခရစ္စမတ်ပွဲတော်ရောက်လုဆဲဆဲအချိန်မှာ မယ်တော်ရဲ့ပုံသက်သေနဲ့ မယ်တော်ရဲ့ကူညီစောင့်ရှောက်ခြင်းအားဖြင့် ကျွန်ုပ်တို့ရဲ့ထားရှိခဲ့တဲ့ဂတိသစ္စာကို အသစ်တဖန်ဖြစ်စေပြီး ခိုင်မြဲသောသစ္စာနဲ့ ဘုရားရှေ့မှာ ဘုရားအတွက် လူတွေအတွက် အသက်ရှင်သွားကြပါစို့။